



# အရင်းအနှီးရင်းမြစ်ဖော်ဆောင်မှု စီမံချက်

# ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၊ မြန်မာ

**ဆက်စပ်အကြောင်းအရာ။** မြန်မာနိုင်ငံသည် ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ်၏ ၂၀၁၄ လူသားဖွံ့ဖြိုးတိုးတက်မှုညွှန်းကိန်းအရ နိုင်ငံပေါင်း ၁၈၇ ခုအနက် အဆင့် ၁၅၀ ၌ ရပ်တည်လျှက်ရှိပြီး ခန့်မှန်းလူဦးရေ ၅၁.၄ သန်း ခန့် နေထိုင်လျှက်ရှိသော ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံး နိုင်ငံများအနက်မှ တခု ဖြစ်သည်။

နိုင်ငံလူဦးရေ၏ ၂၆ ရာခိုင်နှုန်းဖြစ်သော ပြည်သူ ၁၃ သန်းကျော်သည် နွမ်းပါးကျပ်တည်းကြသည့်အပြင် အလားတူ လူဦးရေ ၃ သန်းခန့်သည် အစားအစာဖူလုံမှု မရှိဘဲ ဝင်ငွေ၏ ရာခိုင်နှုန်းတော်တော်များများကို အဟာရဓါတ်မပြည့်သည့် အစားအသောက်အတွက် သုံးစွဲနေကြရသည်။ လူဦးရေ၏ ၇၀ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသတွင် နေထိုင်ကြကာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးကြသည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးအလားအလာကောင်းများ ရှိသော်လည်း အခြေခံဝန်ဆောင်မှုများ လုံလုံလောက်လောက် မရှိသည့်အတွက် ထုတ်လုပ်နိုင်စွမ်း နှင့် ဈေးကွက်ဝင်နိုင်မှုကို ထိခိုက်လျှက်ရှိသည်။ ထို့ပြင် မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရယ်ကျရောက်လွယ်ပြီး ကမ်းရိုးတန်းဒေသများ၌ ဆိုင်ကလုန်း၊ အပူပိုင်းဒေသမုန်တိုင်း၊ ဆူနာမီ၊ ရေကြီးရေလျှံမှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ တောင်တန်းဒေသများတွင် မြေပြိုမှု၊ ငလျင်တို့နှင့် ကြုံတွေ့နေရကာ မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဇုံတွင် မိုးခေါင်ခြင်းများ ဖြစ်ပေါ်လျှက်ရှိသည်။ မကြာခဏဖြစ်ပွါးလျှက်ရှိသော ရာသီဥတုဖောက်ပြန်မှုများကြောင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ထိခိုက်စေသည့်အပြင် နဲပါးသည့် သက်မွေးဝမ်းကျောင်းလုပ်ငန်းရင်းမြစ်များ အဓိကအားဖြင့် ရာသီအလိုက် ရွှေ့ပြောင်းနေထိုင်သူများ၊ စိုက်ပျိုးမွေးမြူရေး လုပ်ကိုင်သူများအတွက် ဒုက္ခပိုများစေသည်။ မြန်မာနိုင်ငံ၏ လက်ရှိတုံ့ပြန်ဆောင်ရွက်နိုင်စွမ်းက ရှုပ်ထွေးသည့် စားနပ်ရိက္ခာမဖူလုံမှု အခက်အခဲများစွာကို ဖြေရှင်းနိုင်ခြင်း မရှိသေးပါ။ **လူမှုဖူလုံရေး** (social safety net) အရလည်း လွှမ်းခြုံနိုင်မှု အားနဲသောကြောင့် လူများစုသည် လူမှုစီးပွါးရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရေးပေါ်ဖြစ်ရပ်များ၏ သက်ရောက်မှုနှင့် ပတ်သက်လျှင် ခံနိုင်ရည်နည်းပါးကြသည်။

**တုံ့ပြန်ဆောင်ရွက်မှု။** ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ လက်ရှိ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ရေရှည်စီမံကိန်းအောက်မှ ရပ်ရွာပိုင် အရင်းအနှီးရင်းမြစ်များ ဖော်ဆောင်ရေး လုပ်ငန်းအစီအစဉ်တွင် ထိခိုက်နစ်နာလွယ်သော လူအုပ်စုများ ပါဝင်လျှက်ရှိကြပြီး ၎င်းတို့ ကိုယ်တိုင်နှင့် ၎င်းတို့၏ မိသားစုများအတွက် စားနပ်ရိက္ခာ (သို့) ငွေကြေး ရရှိလျှက်ရှိကြသည်။

ချင်း၊ မကွေး၊ ရခိုင်နှင့် ရှမ်းပြည်နယ်တွင်းရှိ အလုပ်အကိုင်ရှားပါးပြီး အခြေခံဝန်ဆောင်မှုများနည်းပါးကာ အရေးပေါ်ဖြစ်ရပ်များနှင့်ပတ်သက်၍ ခုခံနိုင်စွမ်းအားနည်းသော ဒေသများတွင်ရပ်ရွာပိုင်အရင်းအနှီးရင်းမြစ်များ၊ သက်မွေးဝမ်းကျောင်းလုပ်ငန်းများကို (ပြန်လည်)ထူထောင်ပေးခြင်း ဖြစ်သည်။

အရင်းအနှီးရင်းမြစ်များကို လူထုပါဝင်မှုဖြင့် ထူထောင်ပေးခြင်းဖြစ်ကာ၊ လိုအပ်ချက်ဆန်းစစ်မှု၊ ဦးစားပေးအဆင့်သတ်မှတ်ခြင်း၊ စီမံကိန်းပုံစံ ရေးဆွဲခြင်းနှင့် ဖော်ဆောင်ခြင်းလုပ်ငန်းအဆင့်များတွင် လူထုမှ ၎င်းတို့၏ကိုယ်ပိုင်ကဲ့သို့သဘောထားရှိမှုကို ဖော်ပြခဲ့ကြသည်။



ရခိုင်ပြည်နယ်ရှိ WFP ၏ စီမံကိန်းမှ လယ်မြေညှိခြင်းလုပ်ငန်း (ဓါတ်ပုံ - WFP/Darko Petrovic)

**WFP ၏ ရပ်ရွာပိုင်ရင်းနှီးရင်းမြစ်များဖော်ဆောင်မှု လုပ်ငန်း နှစ်ပတ်လည် ညွှန်းကိန်း**

| အကျိုးခံစားခွင့်ရှိသူများ | လိုအပ်ချက် (အမေရိကန် ဒေါ်လာ) | စားနပ်ရိက္ခာ (မက်ထရစ်တန်) |
|---|---|---|
| ၂၂၄၀၀၀ | ၄သန်း | ၃၄၀၀ |

**ရည်ရွယ်ချက်**

- ထိခိုက်နစ်နာလွယ်သူများအတွက် အိမ်ထောင်စု စားနပ်ရိက္ခာဖူလုံမှုနှင့် လူမှုစီးပွါးရေး အခွင့်အလမ်းများကို မြှင့်တင်ရန် ဝင်ငွေရနိုင်သည့် ရင်းမြစ်များ ကို ပြန်လည် ဖော်ဆောင်ပေးခြင်းဖြင့် ဘေးအန္တရာယ်ကာလလွန် ပြန်လည်ထူထောင်ရေး ကို ကူညီပံ့ပိုးပေးရန်

**ဖော်ဆောင်မှုပုံစံ**

- ပါဝင်ဆောင်ရွက်သူ **၃၆၅၀၀** ဦးနှင့် ၎င်းတို့၏ မိသားစုဝင် ၁၄၆၀၀၀ ဦးအတွက် ဆန်၊ဆီ၊ဆားနှင့်ပဲ ပါဝင်သည့် မိသားစုရိက္ခာ
- ပါဝင်ဆောင်ရွက်သူ **၈၀၀၀** ဦးနှင့် ၎င်းတို့၏ မိသားစုဝင် ၃၃၀၀၀ ဦးအတွက် ငွေသား

**၂၀၁၄ ခုနှစ်တွင်း လုပ်ငန်း ပြီးမြောက်မှု**

- စိုက်ပျိုးရေးသုံး ရေကန် **၄၄** ကန်၊ သောက်သုံးရေ **၂၇** ကန်၊ ရေပေးဝေရေးစနစ် **၁၉** ခု၊ ရေကာတာ **၁၈** ခု၊ မိုးရေလှောင်ကန်နှင့် အိမ်သာ **၁၈** ခု၊ တံတားနှင့် ရေကျော် **၁၇** ခု၊ ငါးကန် **၁၃** ကန်၊ တမံ **၁၀** ခု၊ (ပြုပြင်/တည်ဆောက်) ကျောင်း **၈** ကျောင်းနှင့် ကလေးထိန်း ကျောင်း **၃** ကျောင်း။
- စိုက်ပျိုးရေးနှင့် အခြားလုပ်ငန်းသုံးအတွက် လယ်/ယာမြေ ရှင်းလင်းခြင်း **၇၃၀** ဟက်တာ၊ ရေမြေထိန်းသိမ်းရေးဆောင်ရွက်ခြင်း **၂၁၃၂** ဟက်တာ၊ ကျေးရွာအစုအဖွဲ့ပိုင် သစ်တောထိန်းသိမ်းခြင်း **၁၂၀** ဟက်တာ၊ လှေကားထစ် စိုက်ပျိုးမြေဖော်ထုတ်ခြင်း **၆၂၈** ဟက်တာ။
- လမ်း၊ တံတား၊ ရေကျော်နှင့် လူသွားလမ်း ပြုပြင်/တည်ဆောက်ခြင်း **၅၀၆** ကီလိုမီတာနှင့် တူးမြောင်းဖော်ခြင်း **၂၄၈** ကီလိုမီတာ

**အကျိုးကျေးဇူးများ**

- အခြေခံအဆောက်အဦများကို ဆောက်လုပ်ပေးခြင်းနှင့် ပြုပြင်ထိန်းသိမ်းပေးခြင်းမှတဆင့် ဈေးများ၊ သက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ကျန်းမာရေး၊ ပညာရေးနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများဆီသို့ အရောက်လှမ်းနိုင်မှု တိုးတက်လာခြင်း။
- ရေနှင့် မြေဆီလွှာ ကာကွယ်ထိန်းသိမ်းရေး စီမံကိန်းများမှတဆင့် စိုက်ပျိုးထွန်ယက်မှု၊ ထုတ်လုပ်မှု နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး မြင့်တက်လာခြင်း။
- သဘာဝအရင်းအမြစ်များရရှိနိုင်မှုနှင့် အရည်အသွေးမြင့်လာခြင်း၊ အရေးပေါ်ဖြစ်ရပ်များနှင့် ပတ်သက်၍ အိမ်ထောင်စုများ၏ ခံနိုင်ရည်နည်းပါးမှု လျော့ကျသွားခြင်း
- ငွေသားပံ့ပိုးခြင်း၏ ဆင့်ပွါးအကျိုးရလဒ်များက ဒေသတွင်းစီးပွါးရေးကို ကူညီအားဖြည့်ပေးနိုင်ခြင်း။

မြန်မာနိုင်ငံရှိ အရင်းနှီးရင်းမြစ်များဖော်ဆောင်မှုလုပ်ငန်းတွင် မြေယာ၊ ရေနှင့် အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေးက ထိပ်ဆုံးဦးစားပေးအဆင့်တွင် ရှိသည်။ WFP သည် အရင်းနှီးရင်းမြစ်များ ဖော်ဆောင်မှုလုပ်ငန်းမှ တဆင့် ကလေးထိန်းကျောင်းများ၊ စာသင်ကျောင်းများ၊ တံတားများ၊ တမံများ၊ မိုးရေလှောင်ကန်များ၊ ကျောင်းအိမ်သာများ၊ ရေကာတာများ၊ စိမ့်စမ်းရေ သွယ်ယူခြင်း၊ ငါးကန်နှင့် စိုက်ပျိုးရေးသုံးကန်များ၊ ရေသွင်းမြောင်း/တူးမြောင်းများနှင့် လမ်း စသည့် ဆောက်လုပ်ရေးလုပ်ငန်းများကို ပံ့ပိုးပေးသည်။ **'ရင်းမြစ်' အတွက် ငွေကြေးအစီအစဉ်** ၏ အောင်မြင်မှုသာဓကများအရ လုပ်ငန်းတိုးချဲ့လုပ်ကိုင်လျှက်ရှိသည်။ အကျိုးခံစားခွင့်ရှိသူများက ၎င်းတို့ရရှိသည့်ငွေကြေးဖြင့် အစားအစာများ ဝယ်ခြမ်းနိုင်ပြီး ရရှိသည့်အကူအညီများကို စီမံနိုင်သည့်အတွက် ဂုဏ်သိက္ခာနှင့် ကောင်းမွန်စွာနေထိုင်နိုင်မှု ရရှိကြသည်။ ဖြန့်ဝေပေးထားသည့် **အဓိကလိုအပ်သည့်စားနပ်ရိက္ခာ**တွင် မပါဝင်သော အခြားအစားအစာလိုအပ်သည့်အခါ ရထားပြီးအစားအစာများကို ပြန်လည်ရောင်းချရခြင်းမျိုး မဖြစ်စေရန် **ငွေကြေးအစီအစဉ်က** ဟန့်တားပေးနိုင်သည်။ ဒေသဈေးကွက်ကို အနှောင့်အယှက် မဖြစ်စေရန်နှင့် ဈေးကွက်အပြိုင်မဖြစ်စေရန် ဒေသလုပ်အားခ ပေါက်ဈေး ၏ ၈၀ ရာခိုင်နှုန်းရှိ ငွေသား ပံပိုးပေးသည်။

WFP World Food Programme wfp.org

မတ်လ၊ ၂၀၁၅

ဓါတ်ပုံ။ WFP/Arsen Sahakyan






၂၀၁၄ ခုနှစ်တွင် WFP ၏ အရင်းအနှီးရင်းမြစ်ဖော်ဆောင်မှုစီမံချက်အောက်မှ လုပ်ငန်းခွဲ တစ်ရာကျော် ပြီးစီးခဲ့ပြီး မြန်မာနိုင်ငံရှိ ကျေးရွာ ၅၈၀ ကျော်မှ လူ ၈၂၀၀၀ ဦးကျော်နှင့် ၎င်းတို့၏ မိသားစုများအား အကျိုးပြုနိုင်ခဲ့သည်။

**ရင်းနှီးမြှုပ်နှံမှု။** စားနပ်ရိက္ခာမဖူလုံမှုနှင့် အဟာရမပြည့်ဝမှု၏ ရင်းခံဇစ်မြစ်များကို ဖြေရှင်းရန် ရင်းနှီးရင်းမြစ်များဖော်ဆောင်မှု အစီအစဉ်က အခြေခံဖြစ်သည်။ ထိခိုက်နစ်နာလွယ်သည့် လူထုအတွက် အရင်းအနှီးရင်းမြစ်များဖော်ဆောင် အဆင့်မြှင့်တင်ခြင်းမှတဆင့် ခံနိုင်ရည်စွမ်းမြှင့်တင်ပေးခြင်း ရေရှည်အစီအစဉ်သည် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေး ရေရှည်အစီအမံ၏ အဓိက အစိတ်အပိုင်း ဖြစ်သည်။ ခံနိုင်ရည်စွမ်းနှင့် ဘေးအန္တရာယ်လျှော့ချရေးတွင် ရင်းနှီးမြှုပ်နှံခြင်းသည် ပေးဆပ်ရမည့်တန်ဖိုးကို လျှော့ချပေးနိုင်မည့်အပြင် လူ့အသက်ပေါင်းများစွာကို ကယ်ဆယ်နိုင်သည်။ ဗြိတိန်နိုင်ငံ၏ နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်မှုဌာနက ကြီးမှူးသည့် လေ့လာမှုစာတမ်း* **"ကနဦးတုံ့ပြန်မှုနှင့် ခံနိုင်ရည်စွမ်းရေးရာ ဘောဂဗေဒ"** အရ ခံနိုင်ရည်စွမ်းဆိုင်ရာ ရင်းနှီးမြှုပ်နှံခြင်းသည် အကူအညီလိုအပ်မှုမှသည် ကျယ်ပြန့်သည့် ဖွံ့ဖြိုးမှုတဖြစ်လဲ သိသာထင်ရှားသည့် အကျိုးအမြတ် ပြန်ရကြောင်း တွေ့ရသည်။ စရိတ်မှ အမြတ်ပြန်ရမှုအချိုးသည် နိုင်ငံပေါ်မူတည်ပြီး ၂.၃ မှ သည် ၁ (သို့) ၁၃.၂ မှသည် ၂ ကွာခြားမှု ရှိသည်။ ထို့ပြင် ခံနိုင်ရည်စွမ်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုသည် ကုန်ကျစရိတ် လက်ငင်းသက်သာမှုထက် ပိုသည့်အကျိုးဖြစ်ထွန်းစေသည်။ ဥပမာအားဖြင့် အချို့နိုင်ငံများတွင်ရှောင်လွှဲလိုက်နိုင်သည့် ဆုံးရှုံးမှုကို ထည့်သွင်းတွက်ချက်သောအခါ စရိတ်မှ အမြတ်ပြန်ရမှုသည် ၃၁ မှ ၁ ထိ တက်သွားသည်ကို တွေ့ရသည်။ အချို့နိုင်ငံများတွင် ရာသီဥတုအပြောင်းအလဲကြောင့် မြင့်တက်လာသည့် အန္တရာယ်ကို ထည့်သွင်းစဉ်းစားသည့်အခါ စရိတ်စကနှိုင်းယှဉ်ချက်ပေါ်မူတည်ပြီး နှစ် (၂၀) ကာလအတွင်း ကနဦးတုံ့ပြန်မှုကြောင့် အမေရိကန်ဒေါ်လာ ၁၀သန်းမှ ၁၃သန်းအထိ ချွေတာနိုင်ပြီး ခံနိုင်ရည်စွမ်းရှိမှုကြောင့် အမေရိကန်ဒေါ်လာ ၁၅သိန်းမှ ၃၄သိန်းအထိ ချွေတာနိုင်ကြောင်း လေ့လာမှုကတွေ့ရှိထားသည်။

**ရှေ့ဆက်လုပ်ဆောင်ရန်များ။** မြန်မာနိုင်ငံအစိုးရ၏ ၂၀၂၅ နှစ်တွင် **ငတ်မွတ်ခေါင်းပါးမှုအလုံးစုံပပျောက်ရေး** (Zero Hunger Challenge) ပန်းတိုင် အရောက်လှမ်းနိုင်ရေး ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က အကူအညီပေးရန် ကတိကဝတ်ပြုပြီးဖြစ်သည်။ ယင်းသို့ပံ့ပိုးရန် အရေးပေါ်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး၊ အဟာရဖြည့်တင်းရေးနှင့် လူမှုဖူလုံရေးအကူအညီ ဦးစားပေးအစီအစဉ်များဖြင့် လုပ်ဆောင်သွားမည်။ လူမှုဖူလုံရေးအကူအညီ၏ တစိတ်တဒေသကို ကျေးလက်နှင့် မြို့ပြဆိုင်ရာ အရင်းအနှီးရင်းမြစ်များ ဖော်ဆောင်မှုလုပ်ငန်းမှတဆင့်ဆောင်ရွက်သွားမည်ဖြစ်ပြီး အိမ်ထောင်စုများ၏ ခံနိုင်စွမ်းရည်နှင့် သက်မွေးဝမ်းကျောင်း အလားအလာကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကာ ယင်းမှတဆင့် အဟာရပြည့်ဝသည့် အစားအသောက်များကို လုံလုံလောက်လောက် စားသုံးနိုင်စွမ်း ရှိလာမည် ဖြစ်သည်။ ဘေးအန္တရာယ် ကျရောက်လွယ်သည့် နေရာများတွင် ရိက္ခာ/ငွေသား (သို့) နှစ်မျိုးလုံးကို အန္တရာယ်လျှော့ချခြင်း၊ ခံနိုင်ရည်စွမ်းနှင့် ထုတ်လုပ်နိုင်စွမ်း မြှင့်တင့်ခြင်းများတွင် သင့်တော်သလို ထည့်သွင်းသွားမည်။ နောင်အရေးပေါ်ဖြစ်ရပ်များ၏ အကျိုးသက်ရောက်မှုကို ရင်ဆိုင်နိုင်ရန် အိမ်ထောင်စုများ (သို့) လူထုအား ကူညီပေးနိုင်မည့် အရင်းအနှီးရင်းမြစ်များ ဖော်ဆောင်မှု လုပ်ငန်းလည်း ပါဝင်သည်။ မြန်မာနိုင်ငံ၌ ၂၀၁၄ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် မြို့ပြသုံးသပ်လေ့လာမှုအရ ရန်ကုန်မြို့ဆင်ခြေဖုံးအရပ်များတွင် မြို့ပြ၏အရင်းအနှီးရင်းမြစ်များ ဖော်ဆောင်မှု စမ်းသပ်လုပ်ငန်းကို ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်က ရန်ကုန်မြို့တော် စည်ပင်သာယာရေးနှင့် ပူးပေါင်းလုပ်ဆောင်ရန် စီစဉ်ထားသည်။




**မိတ်ဖက်အဖွဲ့အစည်းများ။** ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ၏ ထင်ရှားသည့် လုပ်ရှားသူ ဖြစ်သည်နှင့်အညီ ထိခိုက်နစ်နာလွယ်သူများအတွက် အိမ်ထောင်စု စားနပ်ရိက္ခာဖူလုံမှုနှင့် လူမှုစီးပွါးရေး အခွင့်အလမ်းများကို မြှင့်တင်ရန် ဝင်ငွေရနိုင်သည့် ရင်းမြစ်များကို ပြန်လည်ဖော်ဆောင်ရေးတွင် အရေးပါသည့် အခန်းကဏ္ဍမှ ဆောင်ရွက်နေသည်။ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်သည် Adventist Development and Relief Agency, All Country Agency for Rural Development, Ar Yone Oo, Community Association for Rural Development, Grassroots Empowerment and Ecosystem, Karuna Myanmar Social Services, Myanmar Heart Development Association, Network Activities Group, Noble Compassionate Volunteers, Organization for Spiritual and Cultural Advancement, Partners, Renewable Energy Association Myanmar, Terre des Hommes Italia and World Vision စသည့် အဖွဲ့များနှင့်လက်တွဲလုပ်ဆောင်လျက်ရှိသည်။ ပူးပေါင်းဆောင်ရွက်မှု အောင်မြင်သည့်အတွက်ဈေးကွက်လက်လှမ်းမီသည့်ဒေသများတွင် ရိက္ခာမှငွေသားပြောင်းလဲပေးခြင်းကို ချောချောမောမော ပြုလုပ်နိုင်ခဲ့သည်။ အရင်းအနှီးရင်းမြစ် ဖော်ဆောင်မှု လုပ်ငန်းအစီအစဉ်ကို ကနေဒါနှင့် ဆွစ်ဇာလန်နိုင်ငံများက ထောက်ပံ့ထားသော အလှူငွေများဖြင့် ဆောင်ရွက်သည်။

**The Economics of Early Response and Resilience: Summary of Findings.* *http://r4d.dfid.gov.uk/Output/193998*

World Food Programme
wfp.org

**ဆက်သွယ်ရန် -**
ဒေါ်သင်းသင်းအေး
Programme Officer (Assets Creation)
ThinThin.Aye@wfp.org